
EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၆

## လစဉ်သတင်းလွှာ

စက်တင်ဘာ ၁၆ ရက်၊ ၂၀၂၀



# ၂၀၂၀ ရွေးကောက်ပွဲ ပါတီအများစုက အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်းထိ ထည့်သွင်းရွေးချယ်လာကြ

**ဩဂုတ် ၁၄၊ ၂၀၂၀**

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီအများစုက အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်းထိ ထည့်သွင်းရွေးချယ်လာကြသည်ကို တွေ့ရသည်။

ယခုလပိုင်းအတွင်းမှာ ပါတီများသည် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းစာရင်းများကို ထုတ်ပြန်ကြေညာခဲ့ကြသည်။ ယင်းထုတ်ပြန်ကြေညာချက်များအရ ပါတီအများစုက အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ယခင် ၂၀၁၅ ရွေးကောက်ပွဲထက် ပို၍ ဦးစားပေးရွေးချယ်လာကြပြီး ပါတီအများစုက ၃၀ ရာခိုင်နှုန်းကျော်ထိ ရွေးချယ်ယှဉ်ပြိုင်လာကြသည်ကို တွေ့ရသည်။

အင်အားကြီးပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကတော့ အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၀ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲတုန်းက အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၃ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်ဟု သိရသည်။ ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ၂၀၁၅ ခုနှစ်က အနိုင်ရခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်များ အများစု ပါဝင်ပြီး ကိုယ်စားလှယ်လောင်းအသစ်များလည်း ပါဝင်သည်ဟု NLD ပါတီမှတာဝန်ရှိသူက သတင်းမီဒီယာများကို ဖြေကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပါတီသစ်များဖြစ်သည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ပြည်သူ့ပါတီက အမျိုးသမီး (၃၀) ရာခိုင်နှုန်း ရွေးချယ်ဖို့ရှိသလို အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည် ပြည်သူ့ရှေ့ဆောင်ပါတီကလည်း ပါတီကိုယ်စားလှယ်လောင်း အများစုသည်

အမျိုးသမီးကိုယ်စားလှယ်လောင်းများဖြစ်သည်ဟု သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ အင်အားကြီးပါတီကြီးတစ်ခုဖြစ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၇ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။ ကယန်းအမျိုးသားပါတီ (KNP) က အမျိုးသမီးနှင့်လူငယ်များကို ဦးစားပေးယှဉ်ပြိုင်သွားမှာဖြစ်ပြီး အမျိုးသမီး ၅၀ ရာခိုင်နှုန်းအထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဟုဆိုသည်။ မွန်ညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) တို့ကလည်း အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်ရန် မူဝါဒချမှတ်ထားသည်ဟု သတင်းမီဒီယာများကို ဖြေကြားထားသည်။ မြန်မာနိုင်ငံ၏တစ်ခုတည်းသော အမျိုးသမီးပါတီဖြစ်သည့် အမျိုးသမီးပါတီ(မွန်)မှလည်း အမျိုးသမီးကိုယ်စားလှယ်လောင်း (၇) ဦး ပါဝင်ယှဉ်ပြိုင်မည်ဟု ဒီဗွီဘီသတင်းဌာနတွင် ဖော်ပြထားသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ပါတီအများစုက အမျိုးသမီးများအပြင် လူငယ်များကိုလည်း ကိုယ်စားလှယ်လောင်းအဖြစ် ဦးစားပေးရွေးချယ်လာသည်ကို တွေ့ရသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ်လာသည့်အပေါ် အမျိုးသမီးအဖွဲ့အစည်းများက ကြိုဆိုကြသည်။ အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ်သလို သူတို့အတွက် လိုအပ်သည့်ထောက်ပံ့မှုများလည်း ပြုလုပ်ပေးဖို့လိုအပ်သည်ဟု ထောက်ပြကြသည်။

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ အကြီးတန်းပရိုဂရမ်မန်နေဂျာ (Gender and Livelihood) ဒေါ်အေးလဲ့ထွန်းက "လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ အမျိုးသမီးကိုယ်စားလှယ်လောင်းအရေအတွက်ကို အရင်ကထက်ပိုပြီး ထည့်သွင်းလာကြလို့ ပါတီအသီးသီးကို ကျေးဇူးတင်ပါတယ်။ နိုင်ငံရေးပါတီတွေမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ အနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိဖို့ဆိုတာကို အမျိုးသမီးအရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေရော၊ ကျွန်မတို့ရရှိလာတဲ့ သုတေသနရလဒ်တွေ အပေါ်မှာ အခြေခံပြီးတော့ရော တိုက်တွန်းခဲ့တာကြာပါပြီ။ ဒါကို အလေးထားပြီး ဆောင်ရွက်လာတယ်လို့ မြင်ပါတယ်။ အမျိုးသမီးတွေ လွှတ်တော်ထဲမှာ ပိုပြီးနေရာရဖို့ဆိုတာ နိုင်ငံရေးပါတီတစ်ခုတည်းနဲ့ပဲ သက်ဆိုင်တာတော့မဟုတ်ဘူး။ စွမ်းရည်ပြည့်ဝပြီး စွမ်းဆောင်နိုင်တဲ့ ကိုယ်စားလှယ်တွေဖြစ်ဖို့ ကျန်တဲ့အရပ်ဘက်အဖွဲ့အစည်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ဝိုင်းပြီးပံ့ပိုးပေးဖို့လိုပါတယ်။ ပြီးတော့ ရပ်ရွာလူထုက အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုပြီး ပိုပြီးလက်ခံလာနိုင်အောင် လူထုရဲ့အသိအမြင် ပိုနိုးကြားလာဖို့ ဆက်ပြီး ဆောင်ရွက်ရပါဦးမယ်"ဟု ပြောကြားသည်။

ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) က ၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့က မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုမြှင့်တင်ရန် လုပ်ဆောင်သင့်သည့် အကြောင်းအရာများနှင့်ပတ်သက်သည့် သုတေသနစာတမ်းဖြစ်သည့် "Party Building and Candidate Selection-Intraparty Politics and Promoting Gender Equality in Myanmar"ကို ထုတ်ပြန်ခဲ့သည်။ သုတေသနတွေ့ရှိချက်အပေါ်မူတည်၍ အမျိုးသမီးများ နိုင်ငံရေးတွင်ပိုမိုပါဝင်နိုင်ရန် နိုင်ငံရေးပါတီများ လုပ်ဆောင်သင့်သည့် အချက် (၈) ချက်ကို ထောက်ပြထားသည်။ ယင်းအချက်များထဲတွင် မဲဆွယ်ကာလအတွင်း အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ပါတီများက ထောက်ပံ့ပေးသင့်သည့် အချက်များကိုလည်း ထောက်ပြထားသည်။ ၎င်းတို့မှာ အမျိုးသမီး အရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများကို ဘဏ္ဍာရေးပံ့ပိုးမှုပေးရန်၊ ရပ်ဝေးနယ်မြေများသို့ မဲဆွယ်စည်းရုံးရေးဆင်းသည့်အခါ အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ရေးနှင့် အနီးကပ်ပံ့ပိုးကူညီပေးမည့်သူ ထားရှိပေးရန်၊ အလားအလာရှိသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် လွှတ်တော်နှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရန်အတွက် သင်တန်းများပေးရန်၊ အရွေးကောက်ခံကိုယ်စားလှယ်များ အွန်လိုင်းတွင် ဆောင်ရွက်နိုင်သောကိစ္စများအတွက် အလေ့အထကောင်းနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ပေးရန် စသည့်အချက်




ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

တို့ဖြစ်သည်။ ယင်းသုတေသနသည် ကနေဒါအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (၃) နှစ်တာ သုတေသနစီမံကိန်းမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သုတေသနစာတမ်းအပြည့်အစုံကို EMReF ဝက်ဘ်ဆိုက်ဖြစ်သည့် www.emref.org တွင် ဒေါင်းလုပ်ဒ်ရယူနိုင်သည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့ထိ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် အချက်အလက်များအရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်နိုင်ငံရေးပါတီပေါင်း ၉၄ ခု ရှိပါသည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင်ယှဉ်ပြိုင်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း ၁၁၇၁ နေရာရှိသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ လူဦးရေ ၃၇ သန်းကျော်ရှိပြီး ၁၇ သန်းကျော်သည် အမျိုးသားများဖြစ်၍ ၁၉သန်းကျော်သည် အမျိုးသမီးများဖြစ်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားထားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၈၃ ဦး ယှဉ်ပြိုင်ခဲ့ပြီး ထိုအထဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၀ ဦး ပါဝင်ခဲ့သည်။

**ရွှေလေး**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အမျိုးသမီးပါဝင်မှု ၁၇ ရာခိုင်နှုန်းရှိခဲ့ဟုဆို

ဩဂုတ် ၂၂၊ ၂၀၂၀

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်မှ (၂၁) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အမျိုးသမီးပါဝင်မှု ၁၇ ရာခိုင်နှုန်း ရှိခဲ့သည်ဟုသိရသည်။

ယင်းအစည်းအဝေးတွင် အမျိုးသမီးကိုယ်စားလှယ်များပါဝင်မှုအနေဖြင့် သဘာပတိ (၅) ဦးတွင် အမျိုးသမီးကိုယ်စားလှယ် (၁) ဦး၊ အကျိုးဆောင် (၃) ဦးတွင် အမျိုးသမီး (၂) ဦး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင်ပါရှိသော အပိုင်း (၃) ပိုင်းတင်သွင်းသူသုံးဦးတွင် အမျိုးသမီး (၁) ဦး၊ ထောက်ခံဆွေးနွေးသူ (၅) ဦးတွင် အမျိုးသမီးကိုယ်စားလှယ် (၂) ဦး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုရာတွင် အစုအဖွဲ့ (၅) ခုမှ လက်မှတ်ရေးထိုးသူ (၅) ဦးတွင် အမျိုးသမီး (၁) ဦး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို အသိသက်သေအနေဖြင့် လက်မှတ်ရေးထိုးသူ (၆) ဦးတွင် အမျိုးသမီး (၂) ဦး၊ ကျေးဇူးတင်စကားပြောကြားရာတွင် အမျိုးသမီး (၁) ဦးကို ထည့်သွင်းထားသည်ကို တွေ့ရှိရသည်ဟု ငြိမ်းချမ်းရေးနှင့် ကျား-မ တန်းတူရေးမဟာမိတ်အဖွဲ့ (Alliance for Gender Inclusion in the Peace Process-AGIPP)က ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် ထုတ်ပြန်ထားသည်။




ဓာတ်ပုံ- Myanmar State Counsellor Office facebook

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အစီအစဉ်များ၏ကဏ္ဍတိုင်းတွင် အမျိုးသမီးများပါဝင်မှုကို အသိအမှတ်ပြုပြီး အလေးထားနေရာပေးထားသည်ကို လေ့လာတွေ့ရှိရ၍ ငြိမ်းချမ်းရေးနှင့် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) အနေဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း ရေးသားထားသည်။ ရှေ့ဆက်အကောင်အထည်ဖော်ရမည့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ၏ပါဝင်မှုကို အရေအတွက်အားဖြင့်သာမက အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ပါဝင်နိုင်ရေးနှင့် ကျား-မ တန်းတူညီမျှရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးသွားနိုင်ရန် အလေးအနက်ထား တိုက်တွန်းပါသည်ဟု သိရသည်။

Source: https://www.facebook.com/AGIPPMyanmar/posts/2867844166825173?__tn__=K-R

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်း (PoVAW) အား ဆန်းစစ်သုံးသပ်သည့် စကားဝိုင်း




## အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) အပေါ် သူတို့ဘယ်လိုမြင်ကြလဲ

ဩဂုတ် ၁၂၊ ၂၀၂၀

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) နှင့်ပတ်သက်ပြီး ဆန်းစစ်သုံးသပ်သည့်စကားဝိုင်းဆွေးနွေးပွဲကို အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ (WLB) က ဦးဆောင်၍ ဇူလိုင်လ (၃၀) ရက်နေ့က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့သည်။ ယင်းစကားဝိုင်းဆွေးနွေးပွဲတွင် PoVAW နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးသူများ၏ သုံးသပ်ဆွေးနွေးချက်အချို့ကို ဖော်ပြလိုက်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း (PoVAW) ကို ဇန်နဝါရီလ ၂၅ ရက်နေ့က အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန် ခဲ့သည်။

Source: https://www.facebook.com/DVBTVNews/video/2725001127777654/

*စာမျက်နှာ ၅ သို့*




ဓာတ်ပုံ-https://www.facebook.com/DVBTVNews/videos/2725001127777654/



**နော်ဆဲဆဲ**
အထွေထွေအတွင်းရေးမှူး
အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ
(WLB)

## PoVAW ဥပဒေကြမ်းမှာ စစ်ပဋိပက္ခမှာဖြစ်နေတဲ့ အမျိုးသမီးတွေရဲ့ ခံစားမှုတွေကို မထည့်သွင်းထားဘူး။

ဒီ PoVAW ရှိလာတဲ့အတွက် ကျွန်မတို့က ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်မတို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေနဲ့ အခြေခံထားတဲ့နိုင်ငံဖြစ်တယ်။ တိုင်းရင်းသားတွေတောင်မှ မတူကွဲပြားတဲ့အလွှာတွေရှိသလို မတူကွဲပြားတဲ့ ခံစားမှုတွေ ရှိနေတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ တုန်းက စစ်ပဋိပက္ခကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်လက်နက်အဖြစ်အသုံးပြုပြီး တိုင်းရင်းသူအမျိုးသမီးတွေအပေါ် မုဒိန်းကျင့်ခံရတဲ့ အမှုတွေဆို တစ်ရာကျော်ရှိခဲ့တယ်။ ဒါ့အပြင် ကျွန်မတို့သိရတာက မြန်မာနိုင်ငံက အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးစာချုပ် (CEDAW) ကိုလည်း လက်မှတ်ထိုးပြီးသားဖြစ်တယ်။ ကျန်တဲ့လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက်တွေကိုလည်း လိုက်နာဆောင်ရွက်ရမယ့်နိုင်ငံဖြစ်တယ်။ ဒါ့အပြင် ၂၀၁၈ တုန်းက ပဋိပက္ခထဲမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ဒါတွေကိုပပျောက်ဖို့ လုပ်ဆောင်ဖို့ကိုလည်း လက်မှတ်ထိုးခဲ့တာကို တွေ့ရတယ်။ ဒါတွေကို စဉ်းစားပြီးတော့ ဒီဥပဒေထဲကို ထည့်သွားမယ်ဆိုရင် အရမ်းကောင်းမယ်ပေါ့။ ဒါပေမယ့် သေချာကြည့်လိုက်တဲ့အခါကျတော့ ဥပဒေထဲမှာ အများကြီးလစ်ဟာနေတဲ့နေရာမှာရှိသလို သိသိသာသာခွဲခြားထားတဲ့ဟာမျိုး ဖြစ်တယ်ပေါ့။ မတူကွဲပြား လူနည်းစုတွေကို ခွဲခြားထား သလို၊ စစ်ပဋိပက္ခမှာဖြစ်နေတဲ့ အမျိုးသမီးတွေရဲ့ ခံစားမှုတွေကို မထည့်သွင်းထားဘူး။ ဒါက သိသိသာသာခွဲခြား ထားတယ်လို့ ကျွန်မတို့မြင်ရတယ်ပေါ့နော်။



**ဒေါ်မေစံပယ်ဖြူ**
ဒါရိုက်တာ
ကျား-မတန်းတူညီမျှရေးကွန်ရက်
(Gender Equality Network-GEN)

## တင်သွင်းခဲ့တဲ့ဥပဒေမူကြမ်းဟာ အများကြီးအတိုချုံ့ခြင်းခံလိုက်ရတယ်

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ ဖြစ်လာဖို့အတွက် ကျွန်မတို့ လွယ်လွယ်ကူကူနဲ့ ကျော်ဖြတ်ခဲ့ရတာတော့မဟုတ်ပါဘူး။ အမျိုးသမီးတွေကို အကြမ်းဖက်မှုမျိုးစုံကနေ ထိထိရောက်ရောက် ကာကွယ်ပေးနိုင်တဲ့ဥပဒေတစ်ရပ်လိုအပ်တယ်ဆိုပြီး လွှတ်တော်၊ နိုင်ငံရေးပါတီတွေ၊ အစိုးရတာဝန်ရှိသူတွေ နားလည်လက်ခံဖို့အတွက် ၂၀၁၃ ခုနှစ်ထဲက ကျွန်မတို့တိုက်တွန်းလှုံ့ဆော်မှုတွေကို အဆင့်ဆင့်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ကုလသမဂ္ဂ ဂျဲန်ဒါနဲ့ပတ်သက်တဲ့အဖွဲ့ဘက်ကရော ကျွန်မတို့အမျိုးသမီးအဖွဲ့အစည်းတွေဘက်ကရော တင်သွင်းတဲ့အခါမှာ ပြည့်စုံတယ်လို့ ကျွန်မတို့ယူဆတဲ့မူကြမ်းတစ်ရပ်ဟာ ၂၀၁၄ ဒီဇင်ဘာမှာရရှိခဲ့ပါတယ်။ အဲဒီမူကြမ်းအရဆိုအခန်း (၁၉) ခန်းပါဝင်ပြီး ပုဒ်မပေါင်း ၂၁၇ ခု ပါပါတယ်။ ဒါပေမယ့် ၂၀၂၀ ဇန်နဝါရီလမှာထွက်လာတဲ့ သတင်းစာထဲမှာပါတဲ့ မူကြမ်းကိုကြည့်မယ်ဆိုရင်တော့ အခန်း (၁၂) ခန်းနဲ့ ပုဒ်မ ၇၂ ခုပဲပါတာ တွေ့ရပါတယ်။ ကျွန်မ ဘာကိုဆိုလိုချင်တာလဲဆိုတော့ ၂၀၁၄ ဒီဇင်ဘာမှာ ကုလသမဂ္ဂအဖွဲ့တွေရော ကျွန်မတို့အမျိုးသမီးအဖွဲ့တွေဘက်ကရော တောင်းဆိုတင်ပြပြီး ကျွန်မတို့လိုလားတဲ့အချက်တွေက ဘယ်လောက်ထိလျော့သွားပြီး အတိုချုံ့လိုက်ခြင်းကိုခံရတယ်ဆိုတာ ပြောချင်တာဖြစ်ပါတယ်။

## ဒီဥပဒေမူကြမ်းအတည်ပြုပြဋ္ဌာန်းမယ့်နေ့ကို လက်ချိုးရေတွက်ပြီး စောင့်နေတာပါ

ဥပဒေစဆွဲတဲ့၂၀၁၃ခုနှစ်ကနေ ခု ၂၀၂၀ နှစ်တဝက်ကျိုးနေပါပြီ။ ၇ နှစ် ကျော်ကာလ အတွင်းမှာ အကြမ်းဖက်မှု နည်းမျိုးစုံနဲ့ ခံစားနေရတဲ့အမျိုးသမီးတွေဟာ ဒီဥပဒေမူကြမ်း အတည်ပြုပြဋ္ဌာန်းမယ့်နေ့ကို လက်ချိုးရေတွက်ပြီး စောင့်နေတာပါ။ ယခင်အစိုးရလက်ထက်တုန်းကလည်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်မှာ တင်သွင်းပြီးတော့ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ပြည်သူရွေးချယ်တဲ့ အရပ်သားအစိုးရလက်ထက်မှာ ဒီဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့အတွက် မျှော်လင့်ချက်များစွာနဲ့ စောင့်ဆိုင်းခဲ့ပါတယ်။ မကြာခင်ပဲ ဒီအစိုးရသက်တမ်းတောင်ကုန်တော့မယ်၊ ရွေးကောက်ပွဲတောင်လုပ်တော့မယ် အခုချိန်ထိ မျှော်လင့်ချက်တစ်စုံတစ်ရာ မရရှိနိုင်သေးတာကိုတော့ ကျွန်မတို့ အမျိုးသမီးအဖွဲ့တွေ ဝမ်းနည်းစိတ်ပျက်မိပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့အမျိုးသမီးအဖွဲ့တွေဘက်က လိုလားတောင့်တဲ့အကြံပြုချက်တွေမပါသွားဘဲ ဒီတိုင်းဥပဒေဖြစ်ရင်ပြီးရော အတည်ပြုပြဋ္ဌာန်းလိုက်မှာကို ကျွန်မတို့ မလိုချင်ပါဘူး။ နောက်ဆုံး သတင်းစာထဲမှာပါတဲ့ ဥပဒေမူကြမ်းနဲ့ပတ်သက်ပြီး ကျွန်မတို့ အမျိုးသမီးအဖွဲ့တွေစုစည်းပြီးတော့ ပြင်ဆင်ဖြည့်စွက်ဖို့အတွက် တောင်းဆိုတင်ပြထားတဲ့အချက် (၁၀) ချက်ရှိပါတယ်။ ဒီအချက်တွေကို ထည့်သွင်းပြင်ဆင်ပြီးတော့ ဒီအစိုးရလက်ထက်မှာပေါ့၊ နောက်ဆုံးလွှတ်တော်မှာ ဥပဒေမူကြမ်းကို ဆွေးနွေးတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နောက်အစိုးရနဲ့ နောက်လွှတ်တော်သက်တမ်းစတဲ့အခါမှာ ချက်ချင်းဒီဥပဒေမူကြမ်းကို ဆွေးနွေးနိုင်ဖို့ပဲဖြစ်ဖြစ် ကျွန်မတို့ကို စီစဉ်ပေးခဲ့တာမျိုးကို လိုလားတောင့်တပါတယ်လို့။

*စာမျက်နှာ ၆ သို့*



ဓာတ်ပုံ-https://en.wikipedia.org/wiki/Caroline_Kennedy

# ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"ကျွန်မနားလည်ထားတဲ့ နိုင်ငံရေးရေချိန်မြင့်မားခြင်းဆိုတာ အမျိုးသမီးတိုင်း ရွေးကောက်ပွဲမှာ ပါဝင်ဆုံးဖြတ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဟာ ဘယ်အလုပ်မဆို လုပ်ဆောင်နိုင်ခြင်းကြောင့်ဖြစ်ပါတယ်။"

----- Michelle Obama (An American Lawyer & Author)



**ဒေါ်ရည်မွန်**
Lecture on Law and Clinical Instructor (Harvard Law School)

## အမျိုးသမီးအခွင့်အရေးနဲ့ပတ်သက်တဲ့ဥပဒေ မရှိတာ အာရှတိုက်တစ်တိုက်လုံးမှာ မြန်မာနိုင်ငံတစ်နိုင်ငံပဲ ကျန်တော့တယ်

ကိုယ့်အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် အမျိုးသမီးအခွင့်အရေးနဲ့ပတ်သက်တဲ့ ဥပဒေမရှိတာ အာရှတိုက်တစ်တိုက်လုံးမှာ မြန်မာနိုင်ငံတစ်နိုင်ငံပဲ ကျန်တော့တယ်။ တချို့တွေက အမျိုးသမီးအခွင့်အရေး ချိုးဖောက်တယ်ဆိုတာ ဘေးပတ်ဝန်းကျင်နိုင်ငံတွေမှာဆိုရင် ပြဿနာတွေကို သေချာစဉ်းစားပြီး ဥပဒေထဲမှာ ထည့်ထားတယ်။ တကယ်လို့ မြန်မာနိုင်ငံသည် တကယ့်ဒီမိုကရေစီစနစ်၊ တန်းတူညီမျှမှုစနစ်၊ လူ့အခွင့်အရေးနဲ့ပြည့်စုံတဲ့စနစ်၊ တရားဥပဒေစိုးမိုးတဲ့စနစ်ရှိတယ်ဆိုရင် PoVAW လို ဥပဒေသည် စံချိန်လည်းမှန်ရမယ်၊ အမျိုးသမီးတွေရဲ့ အသံတွေလည်း အများကြီးပါရမယ်၊ အပြည်ပြည်ဆိုင်ရာစံနှုန်းတွေနဲ့လည်း ညီရပါမယ်။



**လွေးပိုးလာ (Lway Poe Labar)**
မူဝါဒဆိုင်ရာဘုတ်အဖွဲ့ဝင် (WLB) & တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)၊ တအောင်းအမျိုးသမီးအဖွဲ့အစည်း

## ဥပဒေမူကြမ်းမှာ ဒီလိုလစ်ဟာချက်တွေရှိနေတယ်

ဒီဥပဒေမူကြမ်းက မြန်မာတစ်နိုင်ငံလုံးမှာနေထိုင်တဲ့ အမျိုးသမီးတွေအတွက် အကြမ်းဖက်မှုမျိုးစုံက ကာကွယ်ပေးဖို့ရည်ရွယ်ပြီး ရေးထားတဲ့ဥပဒေကြမ်းဖြစ်တယ်။ ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေထဲမှာဆိုရင် အဓိပ္ပာယ်တွေကို ပြင်ဆင်ဖြည့်စွက်ဖို့ အများကြီးလိုအပ်ပါတယ်။ အမျိုးသမီးနဲ့ပတ်သက်ပြီး ရေးဆွဲထားတဲ့ဥပဒေဖြစ်တဲ့အတွက်ကြောင့်မို့လို့ WLBက အကြံပြုထားတာက ဘေဂျင်းဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တို့ အမျိုးသမီးငြိမ်းချမ်းရေးနဲ့လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ်တွေကို အသိအမှတ်ပြုပြီး အဲ့ဒါတွေနဲ့ ပေါင်းစပ်ပြီး ဒီဥပဒေမူကြမ်းထဲမှာ ထည့်သွင်းရေးသားပေးဖို့ လိုတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာလည်း မပါသေးတာတွေ အများကြီးရှိပါတယ်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာဆို မုဒိမ်းမှုအဓိပ္ပာယ်က ရာဇသတ်ကြီးဥပဒေကို ပြန်ပြီးရည်ညွှန်းထားတဲ့အရာမျိုးဆိုရင် ဒီဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က မပြည့်စုံဘူး၊ လိုအပ်ချက်ရှိသေးတယ်ဆိုတာ သိထားပြီးဖြစ်လို့၊ အဲ့ဒါတွေကို အဲဒီတိုင်းမထားဘဲ ပြည့်စုံအောင်ဖြည့်သွင်းပေးဖို့ လိုအပ်ပါတယ်။ စစ်ပဋိပက္ခဒေသတွေအတွက်လည်း ထည့်သွင်းရေးသားထားတာ ရှိမနေဘူး။ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာကိုက စစ်ပဋိပက္ခဒေသက အကြမ်းဖက်မှုတွေကို ထည့်သွင်းရေးသားထားဖို့ လိုပါတယ်။ အဲဒီလိုပဲ စစ်ပဋိပက္ခဒေသမှာ အကြမ်းဖက်မှုတစ်ခုခုဖြစ်လာပြီဆိုရင် ဘယ်လိုပုံစံနဲ့ဆောင်ရွက်မလဲ၊ ဘယ်လိုပုံစံနဲ့နစ်နာသူတွေကို ကုစားပေးမှာလဲ၊ ကျူးလွန်သူတွေကို ဘယ်လိုပုံစံအရေးယူမှာလဲဆိုတာတွေကို မူကြမ်းထဲမှာမတွေ့ဘူး။ ဒါတွေကို ထည့်သွင်းသင့်တယ်တို့ ကျွန်မတို့က အကြံပြုထားပါတယ်။